ASIAN DEVELOPMENT BANK
6 ADB Avenue, Mandaluyong City
1550 Metro Manila, Philippines
Tel + 63 2 632 4444
Fax + 63 2 636 4444

www.adb.org

NEWS RELEASE

# အခြေခံ အဆောက်အအုံများ လျှင်မြန်စွာ ဖွံ့ဖြိုး တိုးတက်စေရန် မဲခေါင်ဒေသ အရာရှိကြီးများမှ လုပ်ငန်းစဉ်များချမှတ်

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ (ဒီဇင်ဘာလ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်) - မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) မှ အကြီးတန်းအရာရှိကြီးများသည် အခြေခံအဆောက်အအုံများ လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်သည့် နည်းလမ်းများနှင့် ဒေသခွဲအား ချိတ်ဆက်နေသော အဓိကကျသည့် စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ခြင်းတို့အား ဆွေးနွေးရန် ယခုသီတင်းပတ်အတွင်းတွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ ၁၀ကြိမ်မြောက် ဂျီအမ်အက်စ် စီးပွားရေး စင်္ကြံအစည်းအဝေး (ECF-10) ကို ကျင်းပကြမည် ဖြစ်ပါသည်။

“စီးပွားရေးစင်္ကြံများသည် မဟာမဲခေါင်ဒေသခွဲ၏ ကျောရိုးပင်ဖြစ်ပါသည်” ဟု အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ၏ အရှေ့တောင်အာရှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alfredo Perdiguero မှ ပြောကြားပါသည်။ “အဆိုပါစီးပွားရေးစင်္ကြံများသည် လူ့အဖွဲ့အစည်းအတွင်း လူမှုရေး ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ လက်လှမ်းမီ ရယူအသုံးပြုနိုင်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း အသစ်များ ပေါ်ပေါက်စေခြင်းနှင့် စီးပွားရေးတိုးတက်မှုကို ကျယ်ပြန့်စေခြင်း စသည်တို့အား ဖြစ်စေပါသည်။”

ယခုသီတင်းပတ်တွင်ကျင်းပသော အစည်းအဝေးသည် ဒေသအတွင်းတည်ရှိသော အခြေခံ အဆောက်အအုံများ တိုးတက်စေရန်နှင့် စီးပွားရေး လုပ်ဆောင်မှုဗဟိုဌာနများအား ချိတ်ဆက်ရန်အတွက် အလုံးစုံပြည့်ဝလွှမ်းခြုံသည့်ဗျူဟာကို ဂျီအမ်အက်စ်အရာရှိများ ပထမဦးဆုံး စတင်ချမှတ်ပြီးနောက် နှစ် ၂၀ အကြာတွင် ကျင်းပသည့်အစည်းအဝေးဖြစ်ပါသည်။ ထိုစဉ်အချိန်မှစတင်ကာ ဂျီအမ်အက်စ်နိုင်ငံများသည် အရည်အသွေးမြင့်မားသော လမ်းများ၊ ဆိပ်ကမ်းများနှင့် အခြားသော ခေတ်မီ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းအပေါ်တွင်သာမက၊ ထောက်ပံ့ပို့ဆောင်ရေးတိုးတက်မှု၊ ကုန်စည်နှင့်ပို့ဆောင်ရေး လွယ်ကူချောမွေ့စေခြင်း၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများအား ဒေသတွင်းရှိ တန်ဖိုးမြှင့် ကုန်စည်လည်ပတ် လုပ်ဆောင်မှုအတွင်းသို့ ပိုမိုကောင်းမွန်စွာ ပေါင်းစည်းထည့်သွင်းခြင်း စသည့်ကဏ္ဍရပ်များမှ တဆင့် “လုပ်ငန်းဆောင်ရွက်မှုအပိုင်း” အဆင့်မြှင့်တင်ခြင်းတို့ကိုပါ အာရုံစိုက်လာခဲ့ကြပါသည်။

ဒေသတစ်ရပ်လုံးသည် စီးပွားရေးစင်္ကြံများမှ အကျိုးရလဒ်များ ခံစားရခြင်း၊ လူအများရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ရောဂါဘယထိန်းချုပ်ခြင်းကဲ့သို့သော နယ်စပ်ဖြတ်ကျော် ကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံများ၏

**Media Inquiries**

Jane Zhang
Tel: (632) 632 5105
Mob: (63) 999 999 5105
Email: janezhang@adb.org

Connect with us on social media:
AsianDevBank
@ADB_HQ
@ADB_HQ
Asian-Development-Bank

ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို အားကောင်းစေခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို မြင့်မားစေခြင်း စသည့် ကိစ္စရပ်များကို သေချာစေရန် ပထမဦးဆုံး ဂျီအမ်အက်စ် ECF ကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဤ ECF-10 သည် ဂျီအမ်အက်စ်အတွင်း ပိုမိုအားကောင်းသော ချိတ်ဆက်မှု၊ ပြိုင်ဆိုင်နိုင်မှုနှင့် အသိုက်အဝန်းတစ်ခု ပေါ်ပေါက်စေခြင်းမှတဆင့် ဒေသခွဲအတွင်းရှိ စီးပွားရေးစင်္ကြံများဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်တိုးမြှင့်ရန် စေ့ဆော်လုပ်ဆောင်မှုများအပေါ် ဗဟိုပြုထားသည့် ဟနွိုင်းလုပ်ဆောင်ချက်အစီအစဉ် ၂၀၁၈-၂၀၂၂ ကို ချမှတ်ခဲ့သော ခြောက်ကြိမ်မြောက် ဂျီအမ်အက်စ်ညီလာခံကို မတ်လတွင်ကျင်းပခဲ့ပြီး နောက်တွင် ဆက်လက် ဖေါ်ဆောင်ခြင်းဖြစ်ပါသည်။

အေဒီဘီမှ ပံ့ပိုးထားသော ဂျီအမ်အက်စ်အစီအစဉ်သည် အရှေ့အနောက်၊ တောင်မြောက်နှင့် တောင်ဖက်စွန်း စီးပွားရေးစင်္ကြံများ ပေါ်ထွန်းရေးကို ဆောင်ရွက်နေပါသည်။ အဆိုပါ စင်္ကြံများသည် အလုပ်အကိုင်များ ဆောင်ကျဉ်းပေးခြင်း၊ လူသန်းပေါင်းများစွာတို့အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှု တိုးတက်လာစေခြင်းနှင့်၊ ဂျီအမ်အက်စ်အတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု အလျှင်အမြန်တိုးတက်မှုကို အထောက်အကူဖြစ်စေခဲ့ပါသည်။

မနီလာမြို့တွင် အခြေစိုက်သည့် အေဒီဘီသည် အားလုံးအကျုံးဝင်သော စီးပွားရေးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုနှင့် ဒေသတွင်း ပေါင်းစည်းရေးတို့မှတဆင့် အာရှနှင့် ပစိဖိတ်ဒေသရှိ ဆင်းရဲနွမ်းပါးမှုများ လျှော့ချရေးအတွက် အလေးအနက်ထား လုပ်ဆောင်လျှက် ရှိပါသည်။ အေဒီဘီကို ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒေသတွင်းမှ ၄၈ နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၆၇ နိုင်ငံမှ စုပေါင်းပိုင်ဆိုင်ပါသည်။ ၂၀၁၇ ခုနှစ်တွင် ပူးတွဲငွေကြေးပံ့ပိုးမှု အမေရိကန်ဒေါ်လာ ၁၁.၉ ဘီလျံအပါအဝင် အေဒီဘီစီမံကိန်းများ၏ စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၂.၂ ဘီလျံသို့ ရောက်ရှိခဲ့ပါသည်။